**"တအာင်းဒေသအတွင်း နစ်ဖက်ထိတွေ့မှုတိုက်ပွဲများလျော့ချရပ်တန့်နိုင်ရန်အတွက် တွေ့ဆုံညှိနှိုင်းဖြေရှင်းရန်"**

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ချက်**

သဘောထားထုတ်ပြန်ချက်အမှတ် (၃/၂၀၁၅)

၂၃ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ ခုနှစ်

၁။ တအာင်းလူမျိုးများနေထိုင်သည့် နမ့်ဆန်၊ မန်တုံ၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ လားရှိုး၊ မိုးကုတ်၊ မိုးမိတ်၊ သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း အစရှိသောမြို့နယ်များနှင့် ကိုးကန့်ဒေသရှိ တအာင်းရပ်ရွာများတွင် မြန်မာအစိုးရ၏ မြန်မာ့တပ်မတော် စစ်အင်အားများ ပိုမိုတိုးချဲ့ထိုးစစ်ဆင်နေခြင်းကြောင့် မိမိတို့ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် T.N.L.A အဖွဲ့နှင့်သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး မဟာမိတ်တပ်ဖွဲ့များနှင့် သော်လည်းကောင်း ထိတွေ့မှုတိုက်ပွဲများ တရက်ထက်တရက် ပိုမိုများပြားလာပါသည်။

၂။ မိုးကုတ်-မိုးမိတ် ဒေသတွင် ဖေဖော်ဝါရီလ ပထမပတ်၌ဖြစ်ပွားခဲ့သော နစ်ဖက်ထိတွေ့မှုတိုက်ပွဲ အရှိန်မြင့်မား လာသဖြင့် မြန်မာ့တပ်မတော်မှ လေကြောင်းစစ်ဆင်ရေးဖြင့် ဘိန်းခင်းများလိုက်လံဖျက်ဆီးနေသည့် မိမိတို့ တပ်မဟာ (၂) လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များကို နစ်ရက်တိုင်တိုင်လာရောက်ပစ်ခတ်ခဲ့သည်။ ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထက်တိုင်ဖြစ်ပွားနေသော ကိုးကန့်ဒေသစစ်ပွဲတွင်လည်း မြန်မာ့တပ်မတော်မှ တိုက်လေယာဉ်များ၊ တင့်ကား များ၊ သံချပ်ကာကားများပါ အသုံးပြုပြီး မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို တိုက်ခိုက်ထိုးစစ်ဆင်နေ ပါသည်။

၃။ ထိုကဲ့သို့ နစ်ဖက်ထိတွေ့မှုတိုက်ပွဲများအရှိန်မြင့်တက်လာခြင်းကြောင့် ဒေသခံပြည်သူလူထုများမှာ စစ်ဘေး ဒုက္ခသည်များအဖြစ် ခံစားနေကြရပါသည်။ ထိုပြင် ဘေးလွတ်ရာဒေသသို့ ရှောင်ပြေးသည့် စစ်ဘေးဒုက္ခသည်များနှင့် စစ်ဘေးဒုက္ခသည်များကိုကူညီရန် မြန်မာအစိုးရတာဝန်ပေးသည့်အဖွဲ့များ၏ယာဉ်တန်းများ ချောင်းမြောင်းပစ်ခတ်ခံ ခဲ့ရသည်။ မြန်မာအစိုးရသည် ထိုကဲ့သို့ အကွက်ကျကျစီမံထားသည့် ချောင်းမြောင်းပစ်ခတ်မှုကို မိမိတို့တိုင်းရင်းသား လက်နက်ကိုင်များကို စွပ်စွဲအပြစ်ပုံချကာ မြန်မာ့ပြည်သူများ၏ မေတ္တာအသနားခံမှုကို လှည့်ဖြား ရယူနေပါသည်။

၄။ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် မိမိတို့နယ်မြေဒေသများတွင်သာ အခြေချလှုပ်ရှားပြီး အမျိုးသားနိုင်ငံရေးရပိုင်ခွင့်ကိုရရှိရန် ရပ်တည်တောင်းဆိုရင်း မိမိတို့၏လူထုအတွက် ခုခံကာကွယ် တိုက်ပွဲဝင်နေခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မြန်မာ့တပ်မတော် သတင်းစာရှင်းလင်းပွဲတွင် ပြည်ပကျူးကျော်တိုက်ခိုက်မှုဟု ချပြစွပ်စွဲသည့်အတိုင်း လုံးဝမဟုတ်ပဲ ပြည်တွင်းစစ်တိုက်ခိုက်မှုသာဖြစ်ပါသည်။

၅။ ကချင်၊ ကိုးကန့်၊ တအာင်းနှင့် ရှမ်း အစရှိသည့် တိုင်းရင်းသားနယ်မြေများသို့ မြန်မာ့တပ်မတော်မှ တပ်အင်အားများဆက်တိုက်တိုးချဲ့ကာ အပြင်းအထန်ထိုးစစ်ဆင်နေသကဲ့သို့ မိမိတို့ တိုင်းရင်းသားတပ်ဖွဲ့များမှာလည်း မိမိတို့နယ်မြေများအတွင်း လာရောက်ဗိုလ်ကျစိုးမိုးသည့် မြန်မာ့တပ်ဖွဲ့များ၏ရန်ကို အချင်းချင်းအပြန်အလှန်ကူညီကာ အခိုင်အမာခုခံကာကွယ် တိုက်ပွဲဝင်သွားမည်ဖြစ်ပါသည်။

၆။ မိမိတို့ P.S.L.F/T.N.L.A သည် U.N.F.C တပ်ပေါင်းစုအဖွဲ့ဝင်ဖြစ်သည့်အပြင် တိုင်းရင်းသားတို့၏ N.C.C.T ညှိနှိုင်းရေးအဖွဲ့တွင်လည်းတက်ကြွစွာပါဝင်ပြီး တပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ် - NCA ဖြစ်မြောက်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ မိမိတို့ P.S.L.F/T.N.L.A အနေဖြင့် နှစ်ဖက်လက်နက်ကိုင်တိုက်ပွဲများ ဖြေရှင်းလျော့ချနိုင်ရန်အတွက် တွေ့ဆုံညှိနှိုင်းရန် နိုင်ငံတော်သမ္မတနှင့်အစိုးရအား အကြိမ်ကြိမ်တောင်းဆိုခဲ့ပါသည်။ သို့သော် ၂၀၁၃ ဇူလိုင်လ မူဆယ်မြို့ဆွေးနွေးပွဲပြီးနောက် ထပ်မံတွေ့ဆုံနိုင်ခြင်း မရှိသေးပါ။

၇။ ထို့ကြောင့် မြန်မာလူမျိုးအပါအဝင် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် မြန်မာပြည်ကြီးတွင် ယခုကဲ့သို့ ရာစုနှစ်ဝက်ကျော် ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန် လက်ရှိ မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်အား မိမိတို့ P.S.L.F/T.N.L.A မှ အောက်ပါအတိုင်း အလေးအနက်တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

(က) ထိတွေ့မှုတိုက်ပွဲများလျော့ချပြီး အပစ်အခတ်ရပ်စဲနိုင်ရန်အတွက် နှစ်ဖက်တွေ့ဆုံဆွေးနွေးညှိနှိုင်းရန်

(ခ) မိမိတို့တအာင်းဒေသအတွင်း ထိုးစစ်ဆင်မှုများချက်ချင်းရပ်တန့်ရန်

(ဂ) တိုက်ပွဲကာလအတွင်း အပြစ်မဲ့ပြည်သူများအား အကာအကွယ်ပေးရန်

"ဘ့ာ်ဘိုန် ကုင်တအာင်း"

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)
တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)

ဆက်သွယ်ရန်- သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA
(၉၅) ၀၉ ၄၉၃၁ ၄၉၅၁
(၈၆) ၁၅၇ ၅၈၉၄ ၅၁၇၀